**ISP** On Point 2026

OP2026-05 | June 29, 2026

# လုံခြုံရေး၊ စီးပွားရေးနှင့် ဩဇာလွှမ်းမိုးမှု မြန်မာအပေါ် တရုတ်နှင့် အိန္ဒိယတို့၏ ချဉ်းကပ်ပုံကွဲပြားချက်များ

ဦးမင်းအောင်လှိုင်အစိုးရသည် အိန္ဒိယနိုင်ငံနှင့် နီးကပ်သောဆက်ဆံရေးကို နိုင်ငံရေးနှင့် စစ်ရေးထိုးစစ်အဖြစ် အသုံးချလိုပြီး တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကိုလည်း မလွဲမရှောင်သာ အားထားနေရပါသည်။

OP2026-05 I June 29, 2026

# လုံခြုံရေး၊ စီးပွားရေးနှင့် ဩဇာလွှမ်းမိုးမှု မြန်မာအပေါ် တရုတ်နှင့် အိန္ဒိယတို့၏ ချဉ်းကပ်ပုံ ကွဲပြားချက်များ

## ■ ဖြစ်ရပ်အချက်အလက်

မြန်မာစစ်ခေါင်းဆောင်ဟောင်း ဦးမင်းအောင်လှိုင်ဟာ သမ္မတဖြစ်ပြီး နှစ်လအတွင်းမှာပဲ အိမ်နီးချင်းနိုင်ငံကြီးတွေဖြစ်တဲ့ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတွေကို နိုင်ငံတော်အဆင့်ခရီးစဉ်အဖြစ် သွားခဲ့ပါတယ်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတကာမှာ သံတမန်ရေးရာအထီးကျန်နေရတာကနေ ရုန်းထွက်နိုင်ဖို့ ကြီးမားတဲ့အထောက်အပံ့ ဖြစ်စေခဲ့ပါတယ်။

## ■ ကနဦးသုံးသပ်ချက်

အာဏာသိမ်းပြီးနောက် ဦးမင်းအောင်လှိုင်ဟာ အိန္ဒိယနိုင်ငံကို ပထမဆုံးသွားခွင့်ရခဲ့တာဖြစ်ပြီး တရုတ်နိုင်ငံကိုတော့ တတိယအကြိမ် ရောက်ခဲ့တာပါ။ ဒါပေမဲ့ တရုတ်ခရီးစဉ်ဟာ အရင်တုန်းကလို အခြားနိုင်ငံခေါင်းဆောင်တွေနဲ့အတူ ရောပြီး အဖိတ်ခံရတဲ့ ခရီးစဉ်မျိုးမဟုတ်ဘဲ နိုင်ငံတော်အဆင့် သီးသန့်ဖိတ်ကြားခံခဲ့ရတာဖြစ်ပါတယ် **[ခရီးစဉ်ဆိုင်ရာ အချက်အလက်များကို ISP ဒေတာအချက်အလက် ၅၀/၂၀၂၆ (ISP-DM2026-050)တွင်ရှုပါ]**။ မြန်မာနိုင်ငံအပေါ် အိမ်နီးချင်းနိုင်ငံကြီးနှစ်ခုရဲ့ မတူညီတဲ့ချဉ်းကပ်ပုံနဲ့ ကွဲပြားတဲ့အကျိုးစီးပွားတွေကို ဒီခရီးစဉ်တွေမှာ မြင်ရပါတယ်။ ဦးမင်းအောင်လှိုင်အစိုးရရဲ့ မျှော်မှန်းချက်နဲ့ အကျိုးစီးပွားတွေကိုလည်း တွေ့ရပါတယ် **[ISP ဒေတာအချက်အလက် ၅၁/၂၀၂၆ ကနေ ၅၃/၂၀၂၆ (ISP-DM2026-051 to 053)အထိရှုပါ]**။ ဒီကွဲပြားချက်တွေကို ကဏ္ဍသုံးခုခွဲပြီး သုံးသပ်နိုင်ပါတယ်။

ပထမတခုက မဟာဗျူဟာနဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ချဉ်းကပ်မှုဟာ သူ လက်ကိုင်ပြုထားတဲ့ 'အိမ်နီးချင်းဦးစားပေးမူဝါဒ' (Neighborhood First Policy)၊ 'အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒ' (Act East Policy) နဲ့ 'အပြန်အလှန်အမှီသဟဲပြုပြီး ဘက်စုံလွှမ်းခြုံသောမူဝါဒ' (မဟာသာဂရ - Mahasagar) တွေအပေါ် အခြေခံပါတယ်။ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှု ကျယ်ပြန့်လာတာကို ပူပန်သလို အရှေ့မြောက်နယ်စပ်ဒေသလုံခြုံရေးကိုလည်း အာရုံစိုက်ပါတယ်။

# တရုတ်နှင့် အိန္ဒိယသို့ ဦးမင်းအောင်လှိုင်သွားခဲ့သော ခရီးစဉ်ဆိုင်ရာအချက်အလက်များ

| အကြောင်းအရာ | တရုတ်နိုင်ငံခရီးစဉ် | အိန္ဒိယနိုင်ငံခရီးစဉ် |
|---|---|---|
| ခရီးစဉ်ကာလ | ငါးရက် (ဇွန် ၁၅-၁၉ ရက်၊ ၂၀၂၆ ခုနှစ်)။ | ငါးရက် (မေ ၃၀-ဇွန် ၃ ရက်၊ ၂၀၂၆ ခုနှစ်)။ |
| ခရီးစဉ်မှတ်တမ်း | အာဏာသိမ်းပြီးနောက် သုံးကြိမ်မြောက် သွားခဲ့ခြင်းဖြစ်ကာ နိုင်ငံတော်အဆင့် ပထမဆုံး ဖိတ်ကြားခံရသော (State Visit) ခရီးစဉ်ဖြစ်။ | အာဏာသိမ်းပြီးနောက် ပထမဆုံး သွားရောက်ခဲ့ခြင်းဖြစ်။ |
| အစိုးရ ကိုယ်စားလှယ် ပါဝင်မှု | ပြည်ထောင်စုဝန်ကြီးခြောက်ဦး၊ ပြည်နယ်ဝန်ကြီးချုပ်နှစ်ဦး၊ စစ်ဘက် အရာရှိကြီးနှစ်ဦး၊ ဒုတိယဝန်ကြီးတဦးနှင့် ဗဟိုဘဏ်အဖွဲ့ဝင်တဦး ပါဝင်။ | ပြည်ထောင်စုဝန်ကြီးငါးဦး၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ စစ်ဘက်အရာရှိကြီးတဦးနှင့် ဒုတိယဝန်ကြီး နှစ်ဦးပါဝင်။ |
| စီးပွားရေး လုပ်ငန်းရှင် ပါဝင်မှု | ခရိုနီလုပ်ငန်းရှင် ၁၀ ဦးထက်မနည်းအပြင် စီးပွားရေးလုပ်ငန်းရှင် ၂၀၀ ဦးခန့်ပါဝင်။ ထိုအထဲတွင် MCITP အဖွဲ့ဝင် လုပ်ငန်းရှင်များလည်း ပါဝင်။ | ခရိုနီလုပ်ငန်းရှင် ငါးဦးထက်မနည်းနှင့် UMFCCI အဖွဲ့ဝင် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်။ |
| သဘော တူညီချက်များ (MoUs) | အစိုးရအချင်းချင်း နားလည်မှုစာချွန်လွှာ ၁၈ ခု လက်မှတ်ရေးထိုး။ စီးပွားရေး လုပ်ငန်းရှင်အချင်းချင်းလည်း နားလည်မှု စာချွန်လွှာ ၇၀ ခန့် လက်မှတ်ထိုး။ | ရေကြောင်းကုန်သွယ်မှု စာချုပ်ချုပ်ဆိုရန် ဆွေးနွေး။ |
| ထုတ်ပြန်ချက်များ | အချက်ကိုးချက်ပါ နှစ်နိုင်ငံ ပူးတွဲကြေညာချက် ထုတ်ပြန်။ | အချက် ၁၄ ချက်ပါ နှစ်နိုင်ငံ ပူးတွဲကြေညာချက် ထုတ်ပြန်။ |
| ကုန်သွယ်ရေး | ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုကို လက်တွေ့ဖော်ဆောင်ရန် သဘောတူ။ | လက်ရှိကုန်သွယ်မှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံမှသည် ပထမအဆင့် သုံးဘီလီယံ၊ ဒုတိယအဆင့် ငါးဘီလီယံသို့ တိုးမြှင့်ရန် ရည်မှန်း။ ၂၀၂၄ ခုနှစ် မေလက စတင်ခဲ့သည့် ကျပ်-ရူပီးတိုက်ရိုက်ငွေပေးချေမှုကို တိုးမြှင့်ရန်ဆွေးနွေး။ |
| ရင်းနှီးမြှုပ်နှံမှု | CMEC အောက်ရှိ မဟာဗျူဟာမြောက် စီမံကိန်းများကို အရှိန်မြှင့်ရန်သဘောတူ။ | |
| အခြား | | မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါပညာသင်ဆု ၃၆ ဆုမှ ၁၀၀ အထိ တိုးမြှင့်ရန်ရှိ။ |

ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်အထိ။ ISP-Myanmar ၏ တရုတ်ရေးရာလေ့လာမှု (China Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သော ရင်းမြစ်များ (open-source) ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

# တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ ဗျူဟာမြောက်အကျိုးစီးပွားနှင့် မျှော်မှန်းချက်များ

## ■ မဟာဗျူဟာနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု

| ကဏ္ဍများ | တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် ချဉ်းကပ်ပုံ | အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားနှင့် ချဉ်းကပ်ပုံ | ဦးမင်းအောင်လှိုင်အစိုးရ၏ မျှော်မှန်းချက်နှင့် အကျိုးစီးပွား |
|---|---|---|---|
| မဟာဗျူဟာနှင့် လုံခြုံရေး | • မြန်မာနိုင်ငံမြောက်ပိုင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး။<br>• တရုတ်စီမံကိန်းများနှင့် တရုတ်နိုင်ငံသားများ၏ လုံခြုံရေး။<br>• ကျားဖြန့်၊ အွန်လိုင်း လောင်းကစားနှင့် မူးယစ်ဆေးဝါး အပါအဝင် နယ်စပ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းရေး။<br>• တရုတ်နိုင်ငံ၏ အဓိက အကျိုးစီးပွားဖြစ်သော 'တရုတ်တနိုင်ငံတည်းမူဝါဒ (ထိုင်ဝမ်၊ ဟောင်ကောင်၊ ရှင်ကျန်းနှင့် ရှီကျန်း/တိဗက်)ကို မြန်မာက ထောက်ခံရေး။ | • အိန္ဒိယအရှေ့မြောက် နယ်စပ်ဒေသ လုံခြုံရေး။<br>• မြန်မာ့နယ်မြေကို အိန္ဒိယ ဆန့်ကျင်ရေး လှုပ်ရှားမှုများ အတွက် အသုံးမပြုစေရေး။<br>• အွန်လိုင်းလိမ်လည်မှုများတွင် ပိတ်မိနေသော အိန္ဒိယနိုင်ငံသား ၁၅၀ ကျော် ကို ကယ်ဆယ်ရေးနှင့် မှုခင်းများ နှိမ်နင်းရေး။ | • နိုင်ငံအနောက်ဘက် စစ်မျက်နှာစာ (ရခိုင်၊ ချင်းနှင့် စစ်ကိုင်း)ရှိ စိန်ခေါ်မှုများကို ဖြေလျှော့ရန်အတွက် အိန္ဒိယနှင့် ပူးပေါင်းမှုကို နိုင်ငံရေးနှင့် စစ်ရေးထိုးစစ် အဖြစ် အသုံးချရေး။<br>• ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်း စစ်မျက်နှာ တည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံ၏ ကြားဝင် စေ့စပ်ပေးမှုကို ရယူရေး။<br>• နိုင်ငံကြီးနှစ်ခုလုံး၏ စီမံကိန်း များအတွက် လုံခြုံရေး အာမခံချက် ပေးနိုင်ရေး။ |
| စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု | • ကုန်သွယ်မှုလွယ်ကူစေရန် ယွမ်-ကျပ် တိုက်ရိုက် ငွေပေးချေမှု ဖော်ဆောင်နိုင်ရေး။<br>• စွမ်းအင် (ရေနံ၊ သဘာဝ ဓာတ်ငွေ့နှင့် လျှပ်စစ်)၊ စိုက်ပျိုးရေး၊ ဒစ်ဂျစ်တယ် စီးပွားရေးနှင့် AI နည်းပညာ ကိစ္စများ၌ ပူးပေါင်း ဆောင်ရွက်ရေး။ | • ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ငါးဘီလီယံအထိ တိုးမြှင့်ရန်နှင့် ကျပ်-ရူပီး တိုက်ရိုက်ငွေပေးချေမှု တိုးချဲ့ရေး။<br>• EV၊ ဓာတ်မြေသြဇာ၊ ဆေးဝါး နှင့် ရတနာပုံ ဆိုက်ဘာစီးတီး IT နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံရေး။<br>• မြေရှားသတ္တုအပါအဝင် ဗျူဟာမြောက် သတ္တုတူးဖော်ရေး။ | • နိုင်ငံခြားငွေ အကျပ်အတည်း ဖြေရှင်းရေးနှင့် ဒေသတွင်း တိုက်ရိုက်ငွေပေးချေမှုစနစ်များ တိုးမြှင့်ရေး။<br>• ခရိုနီ စီးပွားရေးလုပ်ငန်းရှင်ကြီး များနှင့် တက်သစ်စ ခရိုနီလုပ်ငန်းရှင်များကို တွဲဖက်ရှေ့တန်းတင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရေး။<br>• ကုန်းလမ်းကုန်သွယ်မှု ရပ်တန့်နေချိန်တွင် ရေကြောင်း ကုန်သွယ်ရေး စာချုပ်များ ချုပ်ဆိုနိုင်ရေး။ |

ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်အထိ။ ISP-Myanmar ၏ တရုတ်ရေးရာလေ့လာမှု (China Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သော ရင်းမြစ်များ (open-source) ကို အသုံးပြုထားပြီး ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

# တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ ဗျူဟာမြောက်အကျိုးစီးပွားနှင့် မျှော်မှန်းချက်များ

## ■ အခြေခံ အဆောက်အအုံနှင့် ဆက်သွယ်ရေး၊ သံတမန်ရေးနှင့် ဩဇာလွှမ်းမိုးမှု (Soft Power)

| ကဏ္ဍများ | တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် ချဉ်းကပ်ပုံ | အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားနှင့် ချဉ်းကပ်ပုံ | ဦးမင်းအောင်လှိုင်အစိုးရ၏ မျှော်မှန်းချက်နှင့် အကျိုးစီးပွား |
|---|---|---|---|
| အခြေခံ အဆောက်အအုံနှင့် ဆက်သွယ်ရေး | • အိန္ဒိယသမုဒ္ဒရာထွက်ပေါက် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) အကောင်အထည်ဖော်ရေး။<br>• ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် မူဆယ်-မန္တလေး ရထားလမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း ချိတ်ဆက်ရေး။ | • မြန်မာကိုဖြတ်၍ အရှေ့အာရှနှင့် အရှေ့တောင်အာရှသို့ ချိတ်ဆက် (connectivity corridor) နိုင်ရေး။<br>• ကုလားတန်ဘက်စုံစီမံကိန်း (KMMTTP)နှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး (ကလေးဝ-ယာကြီး) ဖော်ဆောင်ရေး။ | • ရပ်တန့်နေသော နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ ပြန်ဖွင့်နိုင်ရေး။<br>• ကျောက်ဖြူနှင့် ထားဝယ်ကဲ့သို့ မဟာဗျူဟာမြောက် ရေနက်ဆိပ်ကမ်းများတွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရန် ဆွဲဆောင်ရေး။ |
| သံတမန်ရေးနှင့် ဩဇာလွှမ်းမိုးမှု (Soft Power) | • GDI၊ GSI နှင့် GCI ကဲ့သို့သော တရုတ်ဦးဆောင်သည့် ကမ္ဘာလုံးဆိုင်ရာ အစီအမံများတွင် မဟာဗျူဟာကျကျ မြန်မာပါဝင်ရေး။<br>• မန္တလေး-စစ်ကိုင်းလျင် ပြန်လည်ထူထောင်ရေး၊ အောင်ဆန်းအားကစားကွင်းသစ်တည်ဆောက်ရေး စသည့် "သေးငယ်သော်လည်း ကောင်းမွန်လှပသော" စီမံကိန်းများလုပ်ဆောင်ရေး။<br>• ကုလသမဂ္ဂနှင့် အာဆီယံ ယန္တရားများတွင် မြန်မာ ပြန်လည်ပါဝင်နိုင်ရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တို့ကို ထောက်ခံမှု။<br>• မီဒီယာ၊ ပညာရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးစသည့် soft power ဩဇာချဲ့ထွင်ရေး။ | • အိမ်နီးချင်းဦးစားပေး (Neighborhood First)၊ အရှေ့နှင့်ထိတွေ့ဆက်ဆံရေး (Act East) နှင့် မဟာသာဂရ (MAHASAGAR) မူဝါဒများတွင် မြန်မာ ပါဝင်နိုင်ရေး။<br>• မဲခေါင်-ဂင်္ဂါပညာသင်ဆုများ တိုးမြှင့်ပေးအပ်နိုင်ရေး။<br>• တရုတ်နိုင်ငံ၏ အင်အားသုံး ဩဇာလွှမ်းမိုးမှုကို တန်ပြန်နိုင်ရေး။ | • ၂၀၂၁ ခုနှစ်နောက်ပိုင်း နိုင်ငံတကာ သံတမန်ရေး အထီးကျန်ဆန်မှုမှ ရုန်းထွက်ပြီး တရားဝင် အသိအမှတ်ပြုခံရရေး။<br>• အင်အားသုံး လွှမ်းမိုးနိုင်စွမ်းရှိသော တရုတ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုနေရမှုကို လျှော့ချနိုင်ရန် အိန္ဒိယနိုင်ငံနှင့် ချိန်ခွင်လျှာညှိ (balancing) ဆက်ဆံနိုင်ရေး။ |

**ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်အထိ။** ISP-Myanmar ၏ တရုတ်ရေးရာလေ့လာမှု (China Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သော ရင်းမြစ်များ (open-source) ကို အသုံးပြုထားပြီး ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

# တရုတ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ ဗျူဟာမြောက်အကျိုးစီးပွားနှင့် မျှော်မှန်းချက်များ

## ■ ပြည်တွင်းလက်နက်ကိုင်များအပေါ် ဩဇာလွှမ်းမိုးနိုင်စွမ်း

| ကဏ္ဍများ | တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့် ချဉ်းကပ်ပုံ | အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားနှင့် ချဉ်းကပ်ပုံ | ဦးမင်းအောင်လှိုင်အစိုးရ၏ မျှော်မှန်းချက်နှင့် အကျိုးစီးပွား |
|---|---|---|---|
| ပြည်တွင်းလက်နက်ကိုင်များအပေါ် ဩဇာလွှမ်းမိုးနိုင်စွမ်း | • တိုင်းရင်းသားလက်နက်ကိုင်များအပေါ် အင်အားသုံးလွှမ်းမိုးနိုင်စွမ်း (coercive influence) ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ကြားဝင်စေ့စပ်ပေးနိုင်။ | • မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံကဲ့သို့ တိုက်ရိုက်ဩဇာမရှိပေ။<br>• ကုလားတန်ဘက်စုံစီမံကိန်းနှင့် သုံးနိုင်ငံအဝေးပြေးလမ်းစီမံကိန်းဒေသများအပြင် မြေရှားသတ္တုထွက်ရာဒေသများကို AA နှင့် KIA တို့ ထိန်းချုပ်ထားသဖြင့် ထိုအဖွဲ့များနှင့် အလွတ်သဘောဆက်ဆံရေးတည်ဆောက်ထား။ | • နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတည်ငြိမ်ရေးအတွက် တရုတ်နိုင်ငံ၏ ကြားဝင်စေ့စပ်ပေးမှုကို မလွှဲမရှောင်သာ အားထားနေရ။<br>• နိုင်ငံအနောက်ဘက်စစ်မျက်နှာစာမှ လက်နက်ကိုင်များကို တန်ပြန်ရန် နိုင်ငံရေးနှင့် စစ်ရေးထိုးစစ်အတွက် အိန္ဒိယနိုင်ငံကိုအသုံးချနိုင်။ |

ဒေတာအချက်အလက် - ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်အထိ။ ISP-Myanmar ၏ တရုတ်ရေးရာလေ့လာမှု (China Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်သည်။ အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သော ရင်းမြစ်များ (open-source) ကို အသုံးပြုထားပြီး ဒေတာရရှိမှု အကန့်အသတ်နှင့် နည်းနာပိုင်းမှုကွဲမှုများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

တရုတ်နိုင်ငံကတော့ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) ကို အကောင်အထည်ဖော်ဖို့နဲ့ နယ်စပ်တည်ငြိမ်ရေးအပြင် အိန္ဒိယသမုဒ္ဒရာထွက်ပေါက် ရရှိရေးတွေအပေါ် အဓိကအခြေခံပါတယ်။ တဖက်မှာလည်း နယ်စပ်ကုန်သွယ်ရေးကို ပြန်စချင်နေပါတယ်။ ဒီအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ မရှိမဖြစ် ကြားဝင်စေ့စပ်ပေးသူ (indispensable broker) အဖြစ် တိုက်ရိုက်ပါဝင်နေသလို မြန်မာ့အရေးကိုင်တွယ်မှုမှာ အင်အားသုံးလွှမ်းမိုးနိုင်စွမ်း (coercive influence) ကိုလည်း လက်ကိုင်ပြုထားပါတယ်။ ဦးမင်းအောင်လှိုင်အစိုးရက လက်ရှိမှာ ရခိုင်နဲ့ ချင်းအပြင် စစ်ကိုင်း-မကွေးနဲ့ ဆက်စပ်နေတဲ့ အနောက်ဘက်စစ်မျက်နှာစာတွေမှာ အသာစီးရနိုင်ဖို့ ရည်မှန်းထားပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း စစ်မျက်နှာစာ တည်ငြိမ်ရေးနဲ့ ကုန်သွယ်မှုတွေ ပြန်စနိုင်ဖို့အတွက်ကိုလည်း အာရုံစိုက်နေပါတယ်။ ဒါကြောင့် အိန္ဒိယနိုင်ငံနဲ့ နီးကပ်တဲ့ဆက်ဆံရေးကို နိုင်ငံရေးနဲ့ စစ်ရေးထိုးစစ်အဖြစ် အသုံးချလိုပြီး တရုတ်နိုင်ငံရဲ့လွှမ်းမိုးမှုကိုလည်း မလွှဲမရှောင်သာ အားထားနေရပါတယ်။

ဒုတိယတခုကတော့ စီးပွားရေးနဲ့ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ အခြေခံအဆောက်အအုံဆိုင်ရာ ကိစ္စတွေ ဖြစ်ပါတယ်။ ကုလားတန်ဘက်စုံစီမံကိန်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ အကောင်အထည်ဖော်ရေး စတာတွေဟာ အိန္ဒိယနိုင်ငံအတွက် အဓိကအကျိုးစီးပွားတွေပါ။ နှစ်နိုင်ငံ ကုန်သွယ်ရေးကို အမေရိကန်ဒေါ်လာ ငါးဘီလီယံအထိ တိုးချဲ့နိုင်ဖို့နဲ့ ကျပ်-ရူးပီး တိုက်ရိုက်ငွေ ပေးချေမှုဆိုင်ရာ ကိစ္စတွေဟာလည်း ရှေ့တန်းရောက်ခဲ့ပါတယ်။ အိန္ဒိယဟာ မြန်မာဆီကနေ ဗျူဟာ မြောက်မြေရှားသတ္တု ရနိုင်ဖို့လည်း အထူးစိတ်ဝင်စားခဲ့ပါတယ်။ လန်ဒန်အခြေစိုက် The Economist Intelligence Unit (EIU) ရဲ့ သုံးသပ်ချက်အရ ကမ္ဘာ့မြေရှားထုတ်လုပ်မှုရဲ့ ၁၆ ရာခိုင်နှုန်းဟာ မြန်မာ နိုင်ငံကနေထွက်ရှိတာ ဖြစ်ပါတယ်။ ဒါကြောင့် အိန္ဒိယဟာ မြန်မာကတဆင့် ထောက်ပံ့ရေးကွင်းဆက် သစ်အဖြစ် ဖန်တီးချင်နေပါတယ်။ ဒါပေမဲ့ မြေရှားတူးဖော်မှုလုပ်ငန်းတွေကို တရုတ် ရင်းနှီးမြှုပ်နှံသူ တွေက ကျောထောက်နောက်ခံပေးထားတဲ့အပြင် ဈေးကွက်ရပ်တန့်သွားအောင် ဖိအားပေးနိုင်စွမ်း လည်း ရှိတယ်လို့ EIU က ထောက်ပြထားပါတယ်။ တဖက်မှာလည်း မြေရှားလုပ်ကွက်အများစုဟာ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ရဲ့ ထိန်းချုပ်နယ်မြေတွေမှာ ရှိနေပါတယ်။

တရုတ်နိုင်ငံက ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ မူဆယ်-မန္တလေးရထားလမ်းအပါအဝင် CMEC စီမံ ကိန်းတွေကို အကောင်အထည်ဖော်ရေး အရှိန်မြှင့်ချင်ပါတယ်။ ယွမ်-ကျပ် တိုက်ရိုက်ပေးချေမှုနဲ့ နယ်စပ်ကုန်သွယ်မှု ပြန်ဖွင့်နိုင်ရေးကလည်း အရေးပါပါတယ်။ တခါ မြစ်ဆုံဆည်စီမံကိန်းပြန်စနိုင်ဖို့ ဦးမင်းအောင်လှိုင်အစိုးရက ကြိုးပမ်းနေပါတယ်။ ဒါဟာ တရုတ်ရဲ့လိုလားချက်ကို ဖော်ဆောင်ပေးဖို့နဲ့ နိုင်ငံမြောက်ပိုင်းစစ်မျက်နှာစာက KIA ကို ဖိအားပေးရာမှာ အသုံးဝင်မယ့် အပေးအယူတခု (bargain-ing chip) ဖြစ်လာနိုင်တယ်လို့ ဇွန် ၂၀ ရက်ထုတ် The Economist မဂ္ဂဇင်းမှာ သုံးသပ်ထားပါတယ်။

လက်ငင်းရင်ဆိုင်နေရတဲ့ နိုင်ငံခြားငွေအကျပ်အတည်းကို ဖြေရှင်းနိုင်ဖို့ ဦးမင်းအောင်လှိုင်အစိုးရက ခရီးစဉ်နှစ်ခုစလုံးမှာ ကြိုးပမ်းခဲ့တာတွေ့ရပါတယ်။ ခရိုနီ လုပ်ငန်းရှင်အဟောင်းတွေရော ခရိုနီလက် သစ်တွေကိုပါ ပွဲထုတ်ခဲ့ပြီး ရှေ့တန်းမှာနေရာပေးခဲ့ပါတယ်။ နှစ်နိုင်ငံလုံးဆီကနေ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုတွေ ပြန်ရဖို့ အားထုတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံခရီးစဉ်မှာဆို 'မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း' (MCITP) က စီစဉ်တဲ့ Myanmar-China Investment and Trade Networking Summit (MCITP-2026) Shanghai ကို ခမ်းခမ်းနားနား လုပ်ခဲ့ပါတယ်။ အိန္ဒိယကိုသွား တုန်းကလည်း 'မြန်မာ-အိန္ဒိယကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲ'နဲ့ 'မြန်မာ-အိန္ဒိယ စီးပွားရေးဆွေးနွေးပွဲ' (Myanmar-India Business Dialogue) စတာတွေလုပ်ခဲ့ပေမဲ့ တရုတ်မှာ လုပ် သလောက် မကြီးမားခဲ့ပါဘူး။ အချက်အလက်တွေကို ကြည့်ရင်လည်း ၂၀၂၆ ခုနှစ် ပထမလေးလ မှာ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြန်တက်လာပါတယ်။ ဒါပေမဲ့ အိန္ဒိယနိုင်ငံ ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေက အဝင်နှေးနေတုန်းပါပဲ။

တတိယတခုဖြစ်တဲ့ သံတမန်ရေးနဲ့ သြဇာလွှမ်းမိုးမှုမှာလည်း ကွဲပြားချက်တွေရှိပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ချဉ်းကပ်မှုဟာ နိုင်ငံတကာအလယ်မှာ မြန်မာနိုင်ငံ အထီးကျန်ဆန်နေတာကို လက်တွေ့ကျကျ ပယ်ချလိုက်ခြင်း (pragmatic rejection of isolationism) ပဲလို့ EIU က သုံးသပ်ပါတယ်။ တရုတ်နိုင်ငံကတော့ မြန်မာစစ်တပ်ကလုပ်ခဲ့တဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို နိုင်ငံရေးအရထောက်ခံမှု (political endorsement) ပေးလိုက်တာလို့ ဆိုပါတယ်။ အားလုံးပါဝင်နိုင်တဲ့ ဒီမိုကရေစနစ် လိုအပ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ထုတ်ဖော်ပြောခဲ့ပေမဲ့ တရုတ်နိုင်ငံကတော့ ဒီလိုပြောခဲ့တာမျိုး မရှိပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက်တုန်းကလို အကြီးစား စီမံကိန်းကြီးတွေ ဖော်ဆောင်ဖို့ လက်မှတ်ထိုးတာမျိုးတော့ တရုတ်နိုင်ငံကမလုပ်ခဲ့ပါဘူး။ ဒါဟာ အရင်က လက်မှတ်ထိုးထားတဲ့ သဘောတူညီချက်တွေ အတည်ဖြစ်နေသေးတယ်၊ ထပ်ပြီးထိုးဖို့ မလိုသေးဘူးဆိုတဲ့ သဘောမျိုးလည်း ဖြစ်နိုင်ပါတယ်။ နှစ်နိုင်ငံလက်မှတ်ထိုးခဲ့တဲ့ နားလည်မှုစာချွန်လွှာ ၁၈ ခုထဲမှာ မီဒီယာ၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးနဲ့ ငလျင်ပြန်လည်ထူထောင်ရေးတို့လို လက်တွေ့ဖော်ဆောင်ဖို့ လွယ်ကူတဲ့ အကြောင်းအရာတွေ များခဲ့ပါတယ်။ ဆွဲဆောင်မှုကိုအသုံးပြုတဲ့ သြဇာအာဏာ (soft power) ကဏ္ဍတွေနဲ့ပဲ သက်ဆိုင်တယ်လို့ အကြမ်းဖျင်းနားလည်နိုင်ပါတယ်။ တရုတ်နိုင်ငံ ဦးဆောင်တဲ့ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (GDI)၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (GSI)၊ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအမံ (GCI) နဲ့ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုအစီအမံ (GGI) တွေမှာ မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားပြောခဲ့တာတွေဟာ သတိပြုစရာပါပဲ။ ဦးမင်းအောင်လှိုင်အစိုးရအဖို့ နိုင်ငံတကာမှာ အထီးကျန်ဆန်မှုကနေ ရုန်းထွက်နိုင်ဖို့ပဲ အဓိကဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ထောက်ခံပေးမှုနဲ့အတူ ကုလသမဂ္ဂနဲ့ အာဆီယံမှာ ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်လည်း မျှော်လင့်နိုင်ခဲ့ပါတယ်။ အိန္ဒိယကို အရင်သွားခဲ့ပေမဲ့ တရုတ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုနေရတာကို ချိန်ခွင်လျှာညှိနိုင်ဦးမှာ မဟုတ်ပါဘူး။

ဦးမင်းအောင်လှိုင်ကို တရုတ်နိုင်ငံရဲ့ ဖိတ်ကြားမှုဟာ ဒေသတွင်းခေါင်းဆောင်တွေကို တရုတ်နိုင်ငံက စည်းရုံးသိမ်းသွင်းနေတဲ့ မဟာဗျူဟာတရပ်လို့လည်း ယူဆနိုင်ပါတယ်။ တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာ ဇွန် ၈ ရက်နဲ့ ၉ ရက်တွေမှာ မြောက်ကိုရီးယားနိုင်ငံကို သွားခဲ့ပါသေးတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ရွေးကောက်ခံ ဝန်ကြီးချုပ်သစ် တာရစ်ရာမန် (Tarique Rahman) က ဇွန် ၂၄ ရက်ကနေ ၂၆ ရက်အထိ တရုတ်နိုင်ငံကို နိုင်ငံတော်အဆင့် ပထမဆုံးခရီးသွားခဲ့ပြီး သမ္မတ ရှီကျင့်ဖျင်နဲ့ တွေ့ခဲ့ပါတယ်။ အဲဒီခရီးစဉ်အတွင်းမှာပဲ တရုတ်-မြန်မာ-ဘင်္ဂလားဒေ့ရှ် စီးပွားရေးစင်္ကြံ ဖော်ဆောင်ရေးကို တရုတ်နိုင်ငံဘက်က အဆိုပြုဆွေးနွေးခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း (လက်ရှိ ဆီးနိတ်ဥက္ကဋ္ဌ) ဆမ်ဒက်တက်ချို ဟွန်ဆင် (Hun Sen) ကလည်း ဇွန်လကုန်ပိုင်းမှာပဲ တရုတ်နိုင်ငံကိုသွားပြီး သမ္မတ ရှီကျင့်ဖျင်နဲ့ တွေ့ဆုံခဲ့ပါသေးတယ်။

## ဖြစ်တန်ခြေအကဲဖြတ်ချက်

ဦးမင်းအောင်လှိုင်ရဲ့ အိန္ဒိယနဲ့ တရုတ်ခရီးစဉ်တွေအပြီး ရှေ့ဆက်ဖြစ်တန်ခြေနဲ့ သက်ရောက်မှုများစွာ ရှိနိုင်တဲ့အထဲ အကြောင်းအချက်သုံးခုကို ထုတ်နုတ်ပါမယ်။ ပထမတခုက အိန္ဒိယနိုင်ငံနဲ့ ဦးမင်းအောင်လှိုင်အစိုးရအကြား ထိတွေ့ဆက်ဆံမှု အရှိန်မြင့်လာနိုင်ပေမဲ့ စိန်ခေါ်မှုတွေ ရှိနိုင်ပါသေးတယ်။ အိန္ဒိယ-မြန်မာ-ထိုင်းအဝေးပြေးကားလမ်းမကြီးနဲ့ ကုလားတန်ဘက်စုံစီမံကိန်းဖြတ်သန်းရာ ဒေသ အများစုကို အာရက္ခတပ်တော် (AA) နဲ့ အခြားတော်လှန်ရေးအင်အားစုတွေက ထိန်းချုပ်ထားပါတယ်။ ဒါ့အပြင် နယ်စပ်ကုန်သွယ်ရေးစခန်းတခုဖြစ်တဲ့ ရိခေါ်ဒါရ်ကို ချင်းတော်လှန်ရေးတပ်တွေ ထိန်းချုပ်ထားတုန်းပါပဲ။ ကချင်ပြည်နယ်အတွင်း မြေရှားထွက်တဲ့ဒေသတွေကိုလည်း KIA က ထိန်းထားပါတယ်။ ဒါကြောင့် အိန္ဒိယရဲ့ ရေရှည်မဟာဗျူဟာအောင်မြင်နိုင်ရေးဟာ ဦးမင်းအောင်လှိုင်အစိုးရတခုတည်းအပေါ် မူတည်မနေဘဲ မြေပြင်မှာထိန်းချုပ်ထားဆဲဖြစ်တဲ့ လက်နက်ကိုင်တပ်တွေနဲ့ပါ သက်ဆိုင်နေပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ အဲဒီတပ်တွေနဲ့ပါ အလွတ်သဘော ထိတွေ့ဆက်ဆံမှု ပိုများလာနိုင်ခြေလည်းရှိပါတယ်။

ဒုတိယတချက်က တရုတ်နိုင်ငံရဲ့ ငြိမ်းချမ်းရေးကြားဝင်မှုနဲ့ ကုန်သွယ်ရေးအလားအလာ ဖြစ်ပါတယ်။ ဦးမင်းအောင်လှိုင်ရဲ့ တရုတ်ခရီးစဉ်မှာ နှစ်နိုင်ငံသဘောတူခဲ့တဲ့ နားလည်မှုစာချွန်လွှာတွေဟာ လက်တွေ့အကောင်အထည်ဖော်ဖို့ လွယ်ကူတာမို့ ပြဿနာမရှိနိုင်ပါဘူး။ တရုတ်နိုင်ငံအနေနဲ့ မြန်မာ့အရေးမှာ (၁) ပဋိပက္ခအရှိန်လျှော့ချရေး၊ (၂) ရွေးကောက်ပွဲကတဆင့် တိုက်ရိုက်စစ်အုပ်ချုပ်ရေးကို အဆုံးသတ်ရေးနဲ့ (၃) ရွေးကောက်ပွဲအလွန် တရုတ်နိုင်ငံက ကမကထလုပ်ပြီး ကြားဝင်ဖျန်ဖြေပေးဖို့ ကြိုးစားရေးဆိုတဲ့ သုံးပွင့်တခိုင် မဟာဗျူဟာလုပ်ငန်းစဉ်ကို တွန်းနေတယ်လို့ ISP-Myanmar က အကဲဖြတ်ထားပါတယ်။ အဲဒီ သုံးပွင့်တခိုင်လမ်းစဉ်ထဲက တတိယအဆင့်ကြိုးပမ်းချက်တွေကို ပိုပြီး မြင်လာရနိုင်ပါတယ်။ အခု ဇွန်လအတွင်းမှာပဲ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC)က ရှမ်းပြည်နယ်ကိုသွားပြီး ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA) နဲ့ ‘ဝ’ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့နဲ့ တွေ့ဆုံတာ၊ နေပြည်တော်မှာ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) တို့နဲ့ တွေ့ဆုံကြတာတွေကိုကြည့်ရင် ရှမ်းပြည်အရှေ့ပိုင်းနဲ့မြောက်ပိုင်း တည်ငြိမ်ရေးဟာ ပိုပြီး အရှိန်ရလာနိုင်ပါတယ်။ တဆက်တည်းမှာပဲ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွေ ပြန်ဖွင့်ပြီး ကုန်စည်စီးဆင်းတာတွေ ပိုဖြစ်လာနိုင်ပါတယ်။ မြန်မာ-တရုတ် ကုန်သွယ်စီးပွားကိစ္စတွေနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွေမှာ MCITP ရဲ့ အခန်းကဏ္ဍက ရှေ့တန်းပိုရောက်လာဖို့ ရှိပါတယ်။

မြန်မာစစ်တပ်ရဲ့ စစ်ရေးလှုပ်ရှားမှုတွေ ပိုဖြစ်လာနိုင်တာက တတိယအချက်ဖြစ်ပါတယ်။ ဦးမင်းအောင်လှိုင်ရဲ့ ခရီးစဉ်နှစ်ခုစလုံးမှာ အိမ်နီးချင်းနိုင်ငံကြီးတွေရဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေအတွက် လုံခြုံရေးအာမခံချက် ပေးခဲ့တယ်။ ဒါ့အပြင် မြစ်ဆုံဆည်ပြန်စဖို့ကိုလည်း ကာလတခုသတ်မှတ်ပြီး ကြိုးပမ်းလာပါတယ်။ ဒါတွေ ပေါက်မြောက်အောင်မြင်ဖို့ဆိုရင် စီမံကိန်းကြီးတွေရှိတဲ့ ဒေသတွေနဲ့ သယံဇာတထွက်ရှိရာ လမ်းကြောင်းတွေကို အပြည့်အဝထိန်းချုပ်ထားနိုင်မှပဲ ဖြစ်နိုင်မှာပါ။ ဒါကြောင့် ကချင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံ မြောက်ဘက်၊ အနောက်ဘက်နဲ့ အလယ်ပိုင်းစစ်မျက်နှာစာတွေမှာ မြန်မာစစ်တပ်ရဲ့ စစ်ရေးလှုပ်ရှားမှုနဲ့ ထိုးစစ်တွေ ပိုပြင်းထန်လာနိုင်ပါတယ်။ ■